+ ၂၀၀၆
ဩဂုတ်လ
၃၁ ရက်

# တရားမအထွေထွေအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ) ဦးစိန်ညွန့် ပါ ၂ *

ပိုနေမြဲ၊ ကျွားနေမြဲပြန်လည်ထားရှိပေးရန်လျှောက်ထားမှု၊ အချင်းဖြစ်မြေ၊ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ တရားလို၊ တရားပြိုင်တို့အကြား ဒီကရီတစ်ရပ် ရှိနေသည့် အခြေအနေတွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ၊ ကျွားနေမြဲ ပြန်လည်ထားရှိရန် လျှောက်ထားချက်အား ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှုရှိ၊ မရှိ။

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်မြေနှင့် အဆောက်အဦတွင် အယူခံတရားလို ဒေါ်ကြည်ကြည်နှင့် အယူခံတရားပြိုင်(၁) ဦးစိုးညွန့်(ခ) ဦးစိန်ညွန့်တို့သည် အညီအမျှအကျိုး ဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှု အမှတ် ၂၄ တွင် သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အယူခံတရားလို ဒေါ်ကြည်ကြည်က မန္တလေးတိုင်း တရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ တွင် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍

---

* ၂၀၀၆ ခုနှစ်၊ အထွေထွေအယူခံမှု အမှတ် ၂၀

\+ ၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၇ တွင် ချမှတ်သော ၁၉-၄-၂၀၀၆ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

နှစ်ဦးပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုကို စွဲဆိုခဲ့ရာ အယူခံတရားလိုတောင်းဆိုသည့်အတိုင်း အချင်းဖြစ်မြေနှင့် မြေပေါ်ရှိတိုက်တို့၏ ထက်ဝက်ကို အယူခံတရားလိုသို့ ခွဲဝေပေးစေရန် ပဏာမဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ဒီကရီသည် အယူခံတရားလို၊ တရားပြိုင်တို့အကြားတည်မြဲနေသဖြင့် အယူခံတရားပြိုင်တို့က အချင်းဖြစ်ပစ္စည်းအပေါ်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲကျားနေမြဲပြန်လည်ထားရှိရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှုရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးထွန်းလွင်<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် | - | ကိုယ်တိုင်<br>(အယူခံတရားပြိုင်(၁)မှ ရေးသားလျှောက်လဲချက်တင်သည်။) |

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၇ တွင် အယူခံတရားပြိုင်ဦးစိုးညွန့် (ခ)ဦးစိန်ညွန့် ပါ-၂ ဦးတို့က အယူခံတရားလို ဒေါ်ကြည်ကြည်အပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ မူလအခြေအနေအတိုင်း ပိုနေမြဲ၊ ကျားနေမြဲပြန်လည်ထားရှိပေးရန်လျှောက်ထားရာတိုင်းတရားရုံးကလျှောက်ထားသည့်အတိုင်းအမိန့် ချမှတ်ခဲ့သည်။ အဆိုပါတိုင်း တရားရုံး၏အမိန့်အပေါ် ဒေါ်ကြည်ကြည်က ကျေနပ်မှုမရှိသဖြင့် ဤတရားမအထွေထွေအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

မူလရုံးတွင်လျှောက်ထားသူ ဦးစိုးညွန့်(ခ)ဦးစိန်ညွန့်တို့က အချင်းဖြစ်မန္တလေးမြို့၊ အမှတ် ၁၈၀၊ ၃၁ လမ်း(၈၁ လမ်းနှင့် ၈၂ လမ်းကြား)ရှိ နေအိမ်ကို ၎င်းတို့ ပိုင်ဆိုင်ကြောင်း၊ လျှောက်ထားခံရ

၂၀၀၆
ဒေါ်ကြည်ကြည်
နှင့်
ဦးစိုးညွန့်(ခ)
ဦးစိန်ညွန့်.
ပါ ၂

သူဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ တွင် လျှောက်ထားသူအပေါ် အချင်းဖြစ်မြေနှင့်တိုက်ကို လက်ရောက်ရလိုမှုစွဲဆိုရာ ပလပ်ခြင်းခံရကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ ၂၀၀၀ ပြည့်နှစ် တရားမပထမအယူခံမှုအမှတ် ၁၃၆ တွင် တိုင်းတရားရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ကြည်ကြည် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သော်လည်း တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် တိုင်းတရားရုံး၏ ဒီကရီကို ပြန်လည်အတည်ပြုခဲ့ကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှု အမှတ် ၁၃၆ တွင် ဒီကရီချမှတ်ပြီးနောက် ဒေါ်ကြည်ကြည်က ဇာရီမှုဖွင့်လှစ်ပြီး ထိုစဉ်က လက်ရှိနေထိုင်သူ လျှောက်ထားသူတို့ကို နှင်ထုတ်ခဲ့သဖြင့် လက်လွတ် ဆုံးရှုံးခဲ့ရကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် ချမှတ်ခဲ့သည့် ဒီကရီအရ မိမိလက်လွတ်ဆုံးရှုံးခဲ့ရသည့် အချင်းဖြစ်မြေနှင့် အိမ်ကိုမူလအတိုင်း လျှောက်ထားသူတို့အား ပိုနေမြဲ၊ ကျားနေမြဲ ပြန်လည်ထားရှိပေးရန် တင်ပြသည်။

လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်က တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် မန္တလေးတိုင်း တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ ၏ အမိန့်ဒီကရီကို ပြန်လည်အတည်ပြုခဲ့သော်လည်း အချင်းဖြစ်ပစ္စည်းတွင် လျှောက်ထားသူတို့နှင့် လျှောက်ထားခံရသူတို့အညီအမျှ အကျိုး ဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိက အချင်းဖြစ်ပစ္စည်းအပေါ်တွင် နှစ်ဦးပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုအတွက် မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၄ ကို

စွဲဆိုထားပြီးဖြစ်ကြောင်း၊ ထိုအမှုမှာ အဖြူအမဲ မသဲကွဲသေး၍ မိမိအနေဖြင့် အချင်းဖြစ်ပစ္စည်းတွင် တစ်ဝက်ပိုင်ဆိုင်နေထိုင်ခွင့် ရှိသည်ဟု ယုံကြည်ကြောင်းဖြင့် တင်ပြသည်။

မန္တလေးတိုင်းတရားရုံးက လျှောက်ထားသူအနေဖြင့် မန္တလေးတိုင်း တရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ မဖြစ်ပွားမီက အချင်းဖြစ်မြေနှင့်တိုက်တို့တွင် လက်ရှိနေထိုင်ခဲ့သူ ဖြစ်ကြောင်း၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှု အမှတ် ၁၃၆ တွင် ချမှတ်သည့် ဒီကရီအရ လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် ၁၂၈ ကို လျှောက်ထားပြီး ယင်းဇာရီမှုတွင် လျှောက်ထားသူတို့အား အချင်းဖြစ် မြေနှင့်တိုက်တို့မှ ဖယ်ရှားခဲ့ပြီး ဒေါ်ကြည်ကြည်သို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ သို့သော်လည်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမ အထူးအယူခံမှုအမှတ် ၂၄ တွင် တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ တရားမ ပထမအယူခံမှု၌ချမှတ်သော ဒီကရီကို ပယ်ဖျက်ခဲ့သဖြင့် လျှောက်ထားသူအား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲကျားနေမြဲပြန်လည်ထားရှိရန် စရိတ်နှင့်တကွ အမိန့်ချမှတ် ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက တရားရုံးချုပ် ၂၀၀၃ ခုနှစ် တရားမအထူး အယူခံမှုအမှတ် ၂၄ တွင် ကောက်ယူဆုံးဖြတ်ချက် သည် နှစ်ဖက်အမှုသည် များဖြစ်သည့်အယူခံတရားလိုတရားပြိုင် တို့အပေါ် ချမှတ်ထားသော ဆုံးဖြတ်ချက်ဖြစ်ပြီး အဆိုပါအမှုတွင် ပါဝင်သော အမှုသည်အပေါ်မှီးသေလျက်ရှိကြောင်း၊ အယူခံ တရားလိုနှင့် အယူခံတရားပြိုင်(၁)တို့မှာ သားအမိတော်စပ်သူများ ဖြစ်ကြကြောင်း၊ ယခုအချင်းဖြစ်မြေနှင့်တိုက်ကို မိခင်ကြီးက လက်ရောက်ရရှိပြီးဖြစ်သည့် အလျှောက်မိခင်ကြီးလျှောက်ထားသော

နှစ်ဦးပိုင် မြေကွက်နှင့်တိုက်ဖြစ်ကြောင်း ပြဋ္ဌာန်းပေးပြီးခွဲဝေပေးစေရန် အမှုမှာလည်း ဒီကရီကျပြီးနောက်မည်သို့ ခွဲဝေမည်ဖြစ်ကြောင်းစုံစမ်း စစ်ဆေးနေပြီဖြစ်ရာ အချင်းဖြစ်တိုက်နှင့် မြေကို မိခင်ကြီးတစ်ဝက်၊ သားဖြစ်သူအယူခံ တရားပြိုင်တစ်ဝက် တစ်ခြမ်းစီ ခွဲဝေယူမည်ဆိုပါက သင့်တော်သည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ ကိုယ်စားအယူခံတရားပြိုင်(၁)က လျှောက်လဲတင်ပြရာတွင် အယူခံတရားလိုအနေဖြင့် မိမိမူလက နေထိုင်ခဲ့သော နေအိမ်ကို ပြန်လည်နေထိုင်ခွင့်ရရှိရန် အလို့ငှာ ပိုနေမြဲ ကျားနေမြဲလျှောက်ထားခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုသည် အချင်းဖြစ်တိုက်ကို အငှားချထားပြီး မူလနေထိုင်သူအား ပြန်လည် မပေးရန် ငြင်းဆိုမှုသည် တရားမျှတမှုကိုလည်းကောင်း၊ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄(၁) ကိုလည်းကောင်း၊ ဆန့်ကျင်နေကြောင်း မှာ မြင်သာကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ တွင် ပိုနေမြဲ ကျားနေမြဲပြန်ပေးရမည့်အတိုင်းအတာမှာ သက်ဆိုင်ရာအမှု သည်အားပြင်ဆင် ပယ်ဖျက်လိုက်သော ဒီကရီသာရှိခဲ့လျှင် ယခင် တည်ရှိမည့် အခြေအနေတွင် ပြန်ထားရန်ဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော ကိစ္စရပ်သည် တရားရုံးအဆင့်ဆင့်တွင် ဆုံးဖြတ်ခဲ့ပြီး ဖြစ်၍ ယခုလျှောက်ထားမှုတွင် ဆုံးဖြတ်ခွင့်ရှိမည် မဟုတ်ကြောင်း၊ အယူခံတရားလိုဘက်မှ ပိုင်ဆိုင်မှုကို ပိုနေမြဲ၊ ကျားနေမြဲ လျှောက်ထား မှု၌ ထည့်သွင်းစစ်မေးခြင်းသည် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ယခင်က ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည့်တရားရုံး အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များကို အဟောသိကံဖြစ်စေကြောင်းဖြင့် တင်ပြသည်။

အချင်းဖြစ် မန္တလေးမြို့၊ အမှတ် ၁၈၀၊ ၃၁ လမ်း (၈၁ လမ်း နှင့် ၈၂လမ်းကြား) ရှိ မြေနှင့် အဆောက်အဦတို့နှင့် စပ်လျဉ်း၍ အယူခံ တရားလိုနှင့် အယူခံတရားပြိုင်တို့အကြားတွင် မှုခင်းများဖြစ်ပွားခဲ့

ကြသည်။ အယူခံတရားလိုက မန္တလေးတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ တွင် အချင်းဖြစ်မြေနှင့်တိုက်ကို လက်ရောက်ရလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၁၃၆ တွင် မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ကြည်ကြည်စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထိုဒီကရီကို အတည်ပြုနိုင်ရန်အတွက် ဒေါ်ကြည်ကြည်က တိုင်းတရားရုံးတွင် ဇာရီမှုဖွင့်လှစ်ပြီး နောက် အချင်းဖြစ်တိုက်တွင် နေထိုင်သော အယူခံတရားပြိုင်တို့ အား ဖယ်ရှားခဲ့သဖြင့် ၃၀-၅-၂၀၀၂ ရက်နေ့တွင် လက်လွတ်ဆုံးရှုံးခဲ့ပြီး ဒေါ်ကြည်ကြည်က လက်ရောက်ရယူခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂၄ တွင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ပထမအယူခံမှု၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလမန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုခဲ့သည်။ အထက်ပါအချက်များသည် ယခုအမှုတွင် အငြင်းမပွားသော အချက်များပင်ဖြစ်သည်။

တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၂၀၀၃ ခုနှစ် တရားမအထူး အယူခံမှု အမှတ် ၂၄ ၏ စီရင်ချက်တွင် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ထားသည်-

> "× × × × ယခုအမှုတွင် အယူခံတရားလိုဦးစိုးညွှန့်(ခ) ဦးစိန်ညွှန့်နှင့် အယူခံတရားပြိုင် ဒေါ်ကြည်ကြည်တို့သည် ၎င်းတို့ အမည်ဖြင့် အချင်းဖြစ်မြေနှင့် အဆောက်အဦကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူရာတွင် မည်သူက ငွေမည်မျှထည့်ဝင်ဝယ်ယူကြောင်း ပေါ်ပေါက်ခြင်းမရှိ သည့်အတွက် အချင်းဖြစ်ပစ္စည်းအပေါ်တွင် အညီအမျှ အကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟုသာ ကောက်ယူရန်

ရှိသည်။ × × × × ×"

အထက်ပါသုံးသပ်ချက်အရဆိုလျှင် အချင်းဖြစ်မြေနှင့်တိုက်တွင် အယူခံတရားလို ဒေါ်ကြည်ကြည်နှင့် အယူခံတရားပြိုင်(၁) ဦးစိုးညွန့်(ခ)ဦးစိန်ညွန့်တို့သည် အညီအမျှ အကျိုးဆက်ခံ ပိုင်ဆိုင်ခွင့်ရှိကြောင်းမှာ ထင်ရှားသည်။ သို့ဖြစ်၍ပင် ဒေါ်ကြည်ကြည်က မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ တွင် နှစ်ဦးပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု ထပ်မံစွဲဆိုခဲ့ရာ ၁၆-၉-၂၀၀၅ ရက်နေ့တွင် အယူခံတရားလိုတောင်းခံသည့်အတိုင်း အချင်းဖြစ်မြေနှင့်မြေပေါ်ရှိတိုက်တို့၏ ထက်ဝက်ကို အယူခံတရားလိုသို့ ခွဲဝေပေးစေရန် ပဏာမ ဒီကရီချမှတ်ခဲ့ပြီးဖြစ်ကြောင်း တင်ပြချက်အရ သိရှိရသည်။ ယင်းအချက်ကို အယူခံတရားပြိုင်ဦးစိုးညွန့်က ငြင်းဆန်ခြင်းမရှိပေ။ သို့ဖြစ်၍ အချင်းဖြစ်မြေ၊ တိုက်တို့နှင့် စပ်လျဉ်း၍ အယူခံတရားပြိုင်တွင် ဒီကရီ တစ်ရပ်ရှိကြောင်းမှာ ထင်ရှားသည်။

**ဒေါ်စကီနာ နှင့် ဦးမောင်စိန် အမှု**(၁) တွင် အောက်ပါအတိုင်း လမ်းညွှန်ထုံးဖွဲ့ထားသည်-၊

"တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားသူ ဒေါ်စကီနာ အနေဖြင့် ၎င်းအပေါ်၌ ဒီကရီတစ်စုံတစ်ရာချမှတ်ထားခြင်းမရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ ယခုကိစ္စတွင် ဒေါ်စကီနာအပေါ်၌ ပုဒ်မ ၁၂(၁)(က)အရ ချမှတ်သည့် ဒီကရီမှာ ယနေ့တိုင် တည်မြဲလျက်ရှိနေသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ပုဒ်မ ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့် အနေအထား၌ မရှိပေ။ ပုဒ်မ ၁၄၄၊ ပြဋ္ဌာန်းချက်ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄အရ

---

(၁) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၁၁

လျှောက်ထားသည့် ဒေါ်စကီနာ၏ လျှောက်လွှာကို တိုင်းတရားရုံးက ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း မတွေ့ရပေ။"

သို့ဖြစ်ရာ အချင်းဖြစ်မြေ၊ တိုက်တို့နှင့် စပ်လျဉ်း၍ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အကြားတွင် မန္တလေးတိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၄၇၄ ၏ ဒီကရီသည် တည်မြဲနေသဖြင့် အယူခံတရားပြိုင်က အချင်းဖြစ်ပစ္စည်းပေါ်တွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄အရ ပိုနေမြဲကျားနေမြဲ ပြန်လည်ထားရှိရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခဲ့သည့်တိုင်းတရားရုံး၏ အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤတရားမ အထွေထွေအယူခံမှုကို ခွင့်ပြုသည်။ မန္တလေးတိုင်း တရားရုံး၏ ၁၉-၄-၂၀၀၆ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် (မူလရုံးလျှောက်ထားသူ)၏ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပိုနေမြဲ ကျားနေမြဲထားရှိပေးရန် လျှောက်ထားချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀/- သတ်မှတ်သည်။